သတင်းထုတ်ပြန်ချက်

FORTIFY RIGHTS

# ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ - မြန်မာနိုင်ငံတွင်ဖြစ်ပွားနေသော အစုလိုက်အပြုံလိုက် ရက်စက်ကြမ်းကြုတ်မှုများကို ရပ်တန့်စေရန် အလျင်အမြန်အရေးယူ ဆောင်ရွက်ရန်

## လူ့အခွင့်အရေးအဖွဲ့ ၄၆ ဖွဲ့သည် အဆိုပါရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများအတွက် တာဝန်ယူမှု တာဝန်ခံမှု ရှိစေရန် လိုအပ်သည့် အဆင့်သတ်မှတ်ချက်များကို အသေးစိတ်အပြည့်အစုံဖော်ပြထား သည်။

(ဘန်ကောက်မြို့၊ ဇန်နဝါရီလ ၃၁ ရက်နေ့၊ ၂၀၂၅ ခုနှစ်)—Fortify Rights, Amnesty International နှင့်အတူ လူ့အခွင့်အရေးအဖွဲ့ ၄၄ ဖွဲ့တို့သည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနေဖြင့် မြန်မာအာဏာသိမ်း စစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်နေမှုများကို အဆုံးသတ်ရန် ပြတ်ပြတ်သားသား အရေးယူဆောင်ရွက် သင့်သည်ဖြစ်ကြောင်းနှင့် လက်ရှိဖြစ်ပွားနေသည့် ကြီးလေးသော ရာဇဝတ်မှုများအတွက် တာဝန်ယူမှု တာဝန်ခံမှုရှိစေရန် ယနေ့ထုတ်ပြန်သည့် ပူးတွဲကြေညာချက်တွင် အလေးပေးပြောကြားခဲ့သည်။ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု၊ အစုလိုက်အပြုံလိုက် ဖမ်းဆီးချုပ် နှောင်မှုများ၊ မြန်မာနိုင်ငံအား နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC) သို့ ရည်ညွှန်းခြင်းအပါအဝင် အခြားသော နိုင်ငံတကာရာဇဝတ်မှုများနှင့် စစ်အာဏာရှင်များ၏ တရားမဝင်လက်နက်နှင့် ဝင်ငွေရရှိရေးတို့ကို ဖြတ်တောက်ရန်အတွက် စစ်ကောင်စီ အား ချက်ခြင်း တာဝန်ယူရန် ၎င်းအဖွဲ့များသည် ယနေ့ထုတ်ပြန်လိုက်သည့် ပူးတွဲကြေညာချက်တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများကို တိုက်တွန်း ထားသည်။

မြန်မာအာဏာသိမ်းစစ်အုပ်စု၏ အကြမ်းဖက်အာဏာသိမ်းမှု လေးနှစ်ပြည့်တွင် မြန်မာနိုင်ငံတစ်ဝှမ်း ဆက်လက်ဖြစ်ပွားနေသည့် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများကို ကုလသမဂ္ဂလူ့အခွင့်အရေး ကောင်စီနှင့် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ခိုင်မာသော အရေးယူမှုများ ဆောင်ရွက်ရန်အတွက် ပူးတွဲ ကြေညာချက်တွင် အသေးစိတ်ဖော်ပြထားသည်။

"ကမ္ဘာ့ခေါင်းဆောင်တွေက လွန်ခဲ့တဲ့လေးနှစ်တာကာလတွေနဲ့ ဆယ်စုနှစ်တွေအတွင်းမှာပါ မျက်စိစုံမှိတ် နေခဲ့ပြီး လေးနက်တဲ့ အရေးယူဆောင်ရွက်မှုတွေကို ပြုလုပ်ဖို့ ပျက်ကွက်ခဲ့တဲ့အတွက် မြန်မာစစ်ကောင်စီ ဟာ ပြစ်ဒဏ်ပေးခံရမှုမှ အပြည့်အဝကင်းလွတ်ခွင့်ရနေခဲ့ပါတယ်" ဟု Fortify Rights မှ လူ့အခွင့်အရေး ဆိုင်ရာ တာဝန်ခံ မချစ်ဆိုင်းက ပြောသည်။ "ဒီလို ရှုံးသွပ်မိုက်မဲမှုဒဏ်ကို အပြင်းအထန်ခံနေကြရတာက

မြန်မာပြည်သူတွေပါ။ အခုအချိန်ဟာ နိုင်ငံတကာအသိုင်းအဝိုင်းက အရေးယူဆောင်ရွက်ရမယ့် အချိန်ပါ။ မြန်မာတစ်နိုင်ငံလုံးရဲ့ အခြေအနေအရပ်ရပ်ကို နိုင်ငံတကာရာဇဝတ်တရားရုံးသို့ လွှဲပြောင်းပေးတာဟာ ရှည်လျားသော တာဝန်ယူမှု တာဝန်ခံမှု (accountability) လမ်းခရီးအတွက် ရိုးရှင်းပြီး လိုအပ်သော ခြေလှမ်းတစ်လှမ်းပါပဲ။"

အဆိုပါ ပူးတွဲထုတ်ပြန်ကြေညာချက်တွင် (မြန်မာအာဏာသိမ်းစစ်အုပ်စုထံသို့) လက်နက်တင်ပို့မှု ပိတ်ဆို့ခြင်း၊ လေကြောင်းလောင်စာဆီ တင်ပို့မှု ဆိုင်းငံ့ထားခြင်းနှင့် ပြစ်မှုကျူးလွန်သူဟု သံသယရှိသူ များအား တရားစီရင်ခြင်း သို့မဟုတ် လွှဲအပ်ခြင်းစသည်တို့ အပါအဝင် နိုင်ငံတကာ တရားစီရင်ရေး ယန္တရားများကို ပံ့ပိုးပေးခြင်းဖြင့် မြန်မာအာဏာသိမ်းစစ်အုပ်စု အပေါ် ပိုမိုဖိအားပေးရန် ကုလသမဂ္ဂအဖွဲ့ ဝင်နိုင်ငံများ၊ အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) နှင့် အိမ်နီးချင်းနိုင်ငံများအနက်မှ ဒေသဆိုင်ရာ အဖွဲ့အစည်းများအား တောင်းဆိုထားသည်။”

လက်မှတ်ရေးထိုးထားသော အဖွဲ့များတွင် Amnesty International နှင့် Fortify Rights တို့အပြင် Burma War Crimes Investigations (BWCI), Blood Money Campaign, ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG), အသံ၊ Burmese Rohingya Organization UK နှင့် အခြားအဖွဲ့အစည်းများ ပါဝင်ပါသည်။ အဆိုပါ ပူးတွဲထုတ်ပြန်ချက်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး (ICC) အဖွဲ့ဝင်နိုင်ငံများအား “နစ်နာသူအားလုံး အတွက် တရားမျှတမှုရရှိစေရန် မြန်မာတနိုင်ငံလုံး၏ အခြေအနေအပြည့်အစုံကို ICC သို့ လွှဲပြောင်းတင်ပြရန်” တိုက်တွန်းထားသည်။

Fortify Rights အပါအဝင် လူ့အခွင့်အရေးအဖွဲ့အစည်းများမှ စုဆောင်းရရှိထားသော အထောက်အထားများတွင် မြန်မာနိုင်ငံတစ်ဝှမ်းရှိ မြန်မာအာဏာသိမ်းစစ်အုပ်စု၏ နိုင်ငံတကာရာဇဝတ်မှုများဖြစ်သည့် အရပ်သားပြည်သူများကို သတ်ဖြတ်ခြင်း၊ အရပ်သားများကို ပစ်မှတ်ထားကာ လက်နက်ကြီးဖြင့် တိုက်ခိုက်ခြင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ပိတ်ပင်ခြင်းနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် စစ်ရာဇဝတ်မှုများနှင့် အခြားသော ရာဇဝတ်မှုများကို ကျူးလွန်ခြင်းများ ပါဝင်သည့် ချိုးဖောက်မှုများကို ဖော်ထုတ်ပြသထားသည်။ မြန်မာနိုင်ငံတစ်ဝှမ်းရှိ သန်းနှင့်ချီသော ပြည်သူများသည် အမိုးအကာများ၊ စားနပ်ရိက္ခာများ၊ ဆေးဝါးနှင့် အခြားလိုအပ်သော အကူအညီများ လိုအပ်နေပါသည်။ ၂၀၂၂ ခုနှစ်တွင် Fortify Rights နှင့် Yale Law School (ယေးလ်ဥပဒေကျောင်း) မှ နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာစင်တာ Schell Center တို့သည် မြန်မာစစ်တပ်နှင့် ရဲတပ်ဖွဲ့တို့မှ ကျူးလွန်သော သတ်ဖြတ်ခြင်း၊ ဖမ်းဆီးထောင်ချခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ အဓမ္မပျောက်ဆုံးစေခြင်း၊

အတင်းအကျပ်နေရပ် ရွှေ့ပြောင်းစေခြင်းနှင့် ပြည်သူများ အပေါ်ဖိနှိပ်ခြင်း အစရှိသောလုပ်ရပ်များသည် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုမြောက်ကြောင်း မှတ်တမ်းတင်ထားသည့် ၁၉၃ စာမျက်နှာပါရှိသည့် အစီရင်ခံစာ ကို ၂၀၂၂ ခုနှစ်တွင် ပူးတွဲထုတ်ပြန်ခဲ့သည်။ .

တော်လှန်ရေးတပ်ဖွဲ့များသည်လည်း ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများကိုလည်း ကျူးလွန်ခဲ့သည်။ ဥပမာအားဖြင့် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့တွင် မြန်မာအာဏာသိမ်းစစ်အုပ်စုကို တိုက်ခိုက်နေသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ဖြစ်သည့် ရက္ခိုင့်တပ်တော် (AA) သည် အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မြန်မာနိုင်ငံကို ပိုင်းခြားထားသည့် နတ်မြစ်ကို ဖြတ်ကျော်၍ တိုက်ပွဲများမှ ထွက်ပြေးရန် ကြိုးပမ်းသော ရိုဟင်ဂျာ အရပ်သားများကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့သည်။ Fortify Rights ၏ စုံစမ်းစစ်ဆေးမှုအရ AA ၏ ဒရုန်းများ၊ အမြောက်များနှင့် သေနတ်ပစ်ခတ်မှုများကြောင့် ရိုဟင်ဂျာ အမျိုးသား၊ အမျိုးသမီးနှင့် ကလေးငယ် တစ်ရာကျော် သေဆုံးခဲ့ကြောင်း သိရသည်။ AA သည် အဆိုပါ သတ်ဖြတ်မှုအတွက် တာဝန်ယူရန် လူသိရှင်ကြား ငြင်းဆိုထားသည်။ ထို့ပြင် AA တပ်ဖွဲ့ဝင်များက စစ်သုံ့ပန်းနှစ်ဦးအား ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သည့် AA တပ်ဖွဲ့ဝင်များ၏ ဗီဒီယိုနှစ်ခုကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် Fortify Rights မှ  စိစစ်ထုတ်ပြန်ခဲ့သည်။ ၎င်း ထုတ်ပြန်ချက် ထွက်ရှိပြီး ၂၄ နာရီအတွင်း၌ AA သည် ထိုပြစ်မှုများအတွက် တာဝန်ရှိကြောင်း အသိအမှတ်ပြုကာ တာဝန်ယူမှု တာဝန်ခံမှုရှိစေရန် အလေးအနက် ကတိပြုခဲ့ပြီး၊ နောင်တွင် ရက်စက်ကြမ်းကြုတ်မှုများကို တားဆီးကာကွယ်သွားမည်ဟု ကတိပြုခဲ့သည်။

အဖွဲ့အစည်း ၄၆ ဖွဲ့တို့သည်  မြန်မာနိုင်ငံရှိ လက်နက်ကိုင် ပဋိပက္ခအတွင်းရှိ ပါဝင်သော အဖွဲ့အစည်းများအား နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေနှင့်အညီ နိုင်ငံတကာတရားစီရင်ရေး ယန္တရားများနှင့် ထိတွေ့ဆက်ဆံကြရန် တောင်းဆိုထားသည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလတွင် ICC အစိုးရရှေ့နေချုပ် Karim A.A.Khan မှ မြန်မာစစ်ကောင်စီခေါင်းဆောင် မင်းအောင်လှိုင်အား “မြန်မာနိုင်ငံအတွင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ နေရာအချို့တွင် ရိုဟင်ဂျာများအား အတင်းအကျပ်နေရပ်ရွှေ့ပြောင်းစေမှုနှင့် ဖိနှိပ်မှုအစရှိသည့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သော စစ်ရာဇဝတ်မှုများအတွက်” ဖမ်းဝရမ်းထုတ်ရန် ICC ရုံးက လျှောက်ထားကြောင်း ကြေညာခဲ့သည်။ အဆိုပါတောင်းခံချက်သည် မြန်မာနိုင်ငံမှ တစ်စုံတစ်ဦးအား ဖမ်းဝရမ်းထုတ်ရန် အစိုးရရှေ့နေချုပ်ရုံးက ပထမဆုံးအကြိမ် တောင်းခံခြင်း ဖြစ်သည်။

"အဆိုပါတောင်းဆိုမှုများအတွက် ခွင့်ပြုချက်ရပါက ICC အဖွဲ့ဝင်နိုင်ငံများရှိ အာဏာပိုင်များသည် ၎င်းတို့၏ တရားစီရင်ပိုင်ခွင့် အတွင်းရှိနေသော တိုင်ကြားခံရသူများအတွက် ဖမ်းဝရမ်းကို လိုက်နာရမည်ဖြစ်ပြီး အဆိုပါသူများအား နိုင်ငံတကာဥပဒေအတိုင်း တရားစီရင်ရာတွင် တရားရင်ဆိုင်နိုင်ရန် ICC သို့ လွှဲပြောင်းပေးရမည်ဖြစ်သည်။" ဟု ပူးတွဲထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

Fortify Rights မှ ICC အဖွဲ့ဝင်နိုင်ငံများအား မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သော ရာဇဝတ်မှုများကို ရောမစာချုပ် (Rome Statute) ရဲ့ အပိုဒ် ၁၄ အားအသုံးပြုပြီး ICC အစိုးရရှေ့နေထံ လွှဲပြောင်းပေးရန်အတွက် တိုက်တွန်းထားသည်။ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လတွင် မြန်မာဒီမိုကရက်တစ် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) သည် ရောမဥပဒေဟု လူသိများသော တရားရုံးဥပဒေပုဒ်မ ၁၂(၃)အရ တရားရုံး၏ တရားစီရင်ပိုင်ခွင့်ကို ပေးအပ်ကြောင်း ICC သို့ ကြေညာချက်တင်သွင်းခဲ့သည်။ ဖေဖော်ဝါရီ ၉ ရက်တွင် ICC သည် NUG ၏ ကြေညာချက်ကို တရားဝင်လက်ခံရရှိကြောင်း အသိအမှတ်ပြုခဲ့သည်။ ရောမဥပဒေ၏ အပိုဒ် ၁၄ သည် ICC အဖွဲ့ဝင်နိုင်ငံများအား တရားရုံး၏ တရားစီရင် ပိုင်ခွင့်အောက်တွင် ရာဇဝတ်မှုများကို ICC အစိုးရရှေ့နေချုပ်ထံ တိုက်ရိုက် လွှဲပြောင်းပိုင်ခွင့်ပေးထားပြီး NUG ၏ ၁၂(၃) ကြေငြာချက်သည် ထိုပြဋ္ဌာန်းချက်ကို ဖြည့်စွက်ပေးသည်။

Fortify Rights မှ မချစ်ဆိုင်းက "တရားမျှတမှုရရှိဖို့ အချိန်ပိုမယူသင့်တော့ဘူး။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ အနေနဲ့ ပုဒ်မ ၁၄ ကို အသုံးပြုပြီး ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန်နှင့် တရားစွဲဆိုဖို့အတွက် ICC အစိုးရရှေ့နေထံ လွှဲပြောင်းခြင်း အပါအဝင် မြန်မာအာဏာသိမ်းစစ်အုပ်စုရဲ့ ကျူးလွန်ခြင်းခံရသူအားလုံးကို တရားမျှတမှု ပေးဆောင်ရန် ခိုင်မာသောခြေလှမ်းများ ဆောင်ရွက်ဖို့ အဖွဲ့ဝင်နိုင်ငံများက လုပ်ဆောင်ရမှာဖြစ်ပါတယ်။"

----

**ပိုမိုသိရှိလိုပါက ဆက်သွယ်ရန် -**

**မချစ်ဆိုင်း**
လူ့အခွင့်အရေးဆိုင်ရာစုံစမ်းစစ်ဆေးရေးတာဝန်ခံ, Fortify Rights
ဘာသာစကားများ - အင်္ဂလိပ်၊ မြန်မာ
+66 65 518 7335 (WhatsApp; Signal)
**အီးမေးလ်** - Chit.Seng@FortifyRights.org
X - @sengchit, @FortifyRights

**Ejaz Min Khant (ဧဂျက်ဇ်မင်းခန့်)**
လူ့အခွင့်အရေးဆိုင်ရာစုံစမ်းစစ်ဆေးရေးတာဝန်ခံ, Fortify Rights
ဘာသာစကားများ - အင်္ဂလိပ်၊ မြန်မာ
+1 323 7040 220 (Signal, WhatsApp)
**အီးမေးလ်** - Ejaz.MinKhant@FortifyRights.org
X - @ejaz_minkhant, @FortifyRights

**စိုင်းအာကာ**
လူ့အခွင့်အရေးဆိုင်ရာစုံစမ်းစစ်ဆေးရေးတာဝန်ခံ, Fortify Rights
ဘာသာစကားများ - အင်္ဂလိပ်၊ မြန်မာ
+17 169 195 899 (Signal)
**အီးမေးလ်** - Sai.Arkar@FortifyRights.org
X: @Sai_Rights, @FortifyRights